

# ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့နယ်ရှိ ရေလုပ်သားမိသားစုဝင် အမျိုးသမီးများ၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လေ့လာဆန်းစစ်ခြင်း

Citizen Action for Transparency

## ၁။ နိဒါန်း

မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် နေထိုင်ကြသော ပြည်သူအများစု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် သဘာဝအရင်းအမြစ်များအပေါ် အဓိကမှီတည်လျက်ရှိနေပြီး ထိုအထဲတွင် ငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်ငန်းလုပ်ကိုင်ခြင်းများသည် အရေးကြီးသော စီးပွားရေးလုပ်ငန်းများအနက် တစ်ခုဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ ကျေးရွာများတွင်လည်း ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအများစုသည် ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် နေ့စားအလုပ်များအပေါ် အဓိကမှီတည်လျက်ရှိသည်။

ရေလုပ်သားမိသားစုဝင် အမျိုးသမီးများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ အမျိုးသမီးများသည် ငါးခြောက်လုပ်ခြင်း၊ ငါးရောင်းဝယ်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်း၊ အိမ်တွင်းစီးပွားရေး စီမံခန့်ခွဲခြင်းနှင့် မိသားစုဝင်ငွေရှာဖွေရေးလုပ်ငန်းများတွင် ပါဝင်နေကြသော်လည်း အမျိုးသမီးတို့၏ လူမှုစီးပွားဘဝအခြေအနေ၊ ဝင်ငွေအခြေအနေ၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများနှင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို စနစ်တကျ လေ့လာထားခြင်းမျိုး မရှိသေးသည်ကိုတွေ့ရှိရသည်။






ထို့အပြင် ရေလုပ်ငန်းအရင်းအမြစ်များလျော့နည်းလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ စီးပွားရေးအခြေအနေ မတည်ငြိမ်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် ရေလုပ်သားမိသားစုများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝအခြေအနေများသည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ထိုအခြေအနေများသည် အထူးသဖြင့် အမျိုးသမီးများအပေါ် ပိုမိုသက်ရောက်မှုရှိနေသည်။

အမျိုးသမီးများသည် မိသားစုစားဝတ်နေရေး၊ ကလေးပြုစုရေးနှင့် အိမ်ထောင်စုတာဝန်များကို ထမ်းဆောင်ရသည့်အပြင် ဝင်ငွေရရှိရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း လုပ်ကိုင်နေကြရသည်။

ထို့ကြောင့် သနပ်ပင်မြို့နယ်ရှိ ရေလုပ်သားမိသားစုဝင် အမျိုးသမီးများ၏ လူမှုစီးပွားဘဝအခြေအနေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဝင်ငွေအရင်းအမြစ်များ၊ ရင်ဆိုင်နေရသော အခက်အခဲများနှင့် လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် လေ့လာဆန်းစစ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ လေ့လာတွေ့ရှိသောအချက်အလက်များအရ အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း တိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးနှင့် ကျေးရွာလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသခံရေလုပ်သား မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှု (Livelihood) မှာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။






## ၂။ သုတေသနပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်

သုတေသနပြုလုပ်ရန်အတွက် သန်ပြူဇရပ်မြို့နယ်ရှိ ခလပ်စု၊ ညောင်ကားယား၊ ကုက္ကို၊ ရွှေအိုး၊ ကုလားချောင်းကြီးနှင့် ကွင်းလျားရှည် စသည့် ကျေးရွာ (၆)ရွာကို အခြေခံပြီး -

(က) ဒေသခံရေလုပ်သားများ၏ လက်ရှိအသက်မွေးဝမ်းကျောင်းမှုပုံစံနှင့် အခက်အခဲများကို လေ့လာ ရန်။

(ခ) ငါးဖမ်းလုပ်ငန်းများတွင် ကျား/မ ကဏ္ဍအလိုက်ပါဝင်မှုနှင့် ဝင်ငွေခွဲဝေမှု ကွာဟချက်များကို ဆန်းစစ် ရန်။

(ဂ) ဖမ်းဆီးရမိသော ငါးသယံဇာတများအပေါ် တန်ဖိုးမြင့်ထုတ်ကုန် (Value-added Products) ထုတ်လုပ်နိုင်မှု အခြေအနေကို သိရှိရန်။

(ဃ) ရေလုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော အကြံပြုချက်များ ဖော်ထုတ်ရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။






## ၃။ လေ့လာမှုနည်းပယ်

သန်ပြင်မြို့နယ်အတွင်းရှိ ငါးဖမ်းလုပ်ငန်းကို အဓိကလုပ်ကိုင်နေကြသော အိမ်ထောင်စုပေါင်း (၁၀၉) စုကို အခြေခံ၍ စစ်တမ်းကောက်ယူခဲ့ပါသည်။ လေ့လာမှုနည်းပယ်တွင် ရေလုပ်သားများ၏ အသက်အရွယ်၊ ပညာအရည်အချင်း၊ ငါးဖမ်းကိရိယာပိုင်ဆိုင်မှု၊ ရာသီအလိုက်ငါးဖမ်းမှုပုံစံနှင့် မိသားစုဝင်ငွေအခြေအနေ တို့ကို ဘက်စုံလွှမ်းခြုံသော မေးခွန်းများမေးမြန်းခြင်းဖြင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။








## ၄။ လေ့လာတွေ့ရှိချက်များ

ယခုလေ့လာဆန်းစစ်မှုမှရရှိသော အချက်အလက်များအရ သန်ပြင်မြို့နယ်ရှိ ရေလုပ်သားမိသားစုဝင် အမျိုးသမီးများ၏ လူမှုစီးပွားဘဝနှင့် အသက်မွေးဝမ်းကျောင်းအခြေအနေများကို လေ့လာတွေ့ရှိခဲ့သည်။

အမျိုးသမီးများသည် မိသားစုဝင်ငွေရရှိရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြသော်လည်း ဝင်ငွေမတည်ငြိမ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းနှင့် ငွေကြေးအရင်းအနှီးမရှိခြင်းတို့ ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်မှု နည်းပါးနေသည်ကို တွေ့ရှိခဲ့ရပါ သည်။


အိမ်ထောင်စုအများစု၏ အဓိကဝင်ငွေအရင်းအမြစ်မှာ ငါးဖမ်းလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် နေ့စားအလုပ်များ ဖြစ်ကြပြီး အမျိုးသမီးများ၏ ဝင်ငွေသည် မိသားစုဝင်ငွေတွင် အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေကြောင်း တွေ့ရှိရသည်။

## (ဂ) အသက်မွေးဝမ်းကျောင်းမှုနှင့် ဝင်ငွေအခြေအနေ




ဖြေဆိုသူအမျိုးသမီးစုစုပေါင်း၏ (၅၁) ရာခိုင်နှုန်း (၂၀) ဦးခန့်မှာ ကိုယ်ပိုင်ဝင်ငွေလုံးဝမရှိဘဲ အိမ်မှုကိစ္စကိုသာ လုပ်ကိုင်နေကြရပြီး ၎င်းတို့သည် မိသားစုစားဝတ်နေရေးအတွက် အမျိုးသားများအပေါ်တွင်သာ အလုံးစုံမှီခိုနေရကြောင်း ပြသနေသည်။

ဝင်ငွေရှိသော အမျိုးသမီးများထဲတွင်လည်း တစ်ရက်လျှင် ကျပ် (၁၀,၀၀၀)မှ (၃၀,၀၀၀)ကြား ရရှိသူ (၈) ဦးသာရှိပြီး အမျိုးသားများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေရရှိမှု ကွာဟချက်မှာ သိသိသာသာ နည်းပါးနေသည်ကို လေ့လာတွေ့ရှိရပါသည်။





အမျိုးသားအများစုသည် ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူ (၂၆)ဦး၊ ရေလုပ်ငန်းနှင့်တွဲပြီး အခြား အလုပ်လုပ်ကိုင်သူ (၂၅) ဦး ရှိနေကြသည်။ ထို့ကြောင့် အမျိုးသားများသည် မိသားစုဝင်ငွေအတွက် အလုပ်အကိုင်များတွင် ရှေ့တန်းမှပါဝင်နေကြောင်း ပြသနေသည်။

အမျိုးသမီးများ၏ အဓိကအလုပ်အကိုင်မှာ အိမ်မှုကိစ္စသီးသန့်လုပ်ကိုင်သူ (၁၇)ဦးရှိပြီး ရေလုပ်ငန်း သီးသန့်ထက် ရေနှင့် အခြားအလုပ် တွဲပြီးလုပ်ကိုင်သူ (၁၁)ဦးနှင့် မွေးမြူရေးလုပ်ကိုင်သူ (၇)ဦးတို့ ရှိနေသည်ကို ကြည့်ခြင်းအားဖြင့် အခြားအလုပ်များကို တွဲဖက်လုပ်ကိုင်၍ ဝင်ငွေရှာဖွေရန် ကြိုးပမ်းခဲ့ကြ သည်။

အမျိုးသားများတွင် အိမ်မှုကိစ္စသီးသန့်လုပ်ကိုင်သူ လုံးဝမရှိသော်လည်း အမျိုးသမီးများတွင်မူ (၁၇)ဦး အထိ ရှိနေခြင်းမှာ ကျား/မအခန်းကဏ္ဍ ခွဲခြားမှုကို ထင်ရှားစွာပြသနေသည်။


### (ခ) ပညာရေးနှင့် စွမ်းဆောင်ရည်



အမျိုးသမီးများထဲတွင် လုံးဝစာမရေးတတ်/မဖတ်တတ်သူ (၈) ဦးရှိနေခြင်းမှာ အမျိုးသားစာမတတ်သူ ဦးရေထက် နှစ်ဆပိုများပြီး စာမတတ်မှုသည် အတားအဆီးတစ်ခုလိုဖြစ်နေသည်။ ထိုအချက်သည် သတင်းအချက်အလက်ရယူရန်နှင့် နည်းပညာသစ်များ သင်ယူရန်အတွက် အဓိကအဟန့်အတား ဖြစ်နေသည်။


ဖြေဆိုသူအမျိုးသမီးအချို့မှာ အလယ်တန်းနှင့် အထက်တန်းအဆင့်အထိ ပညာသင်ယူခဲ့ကြသော်လည်း ပညာရေးနှင့် အလုပ်အကိုင် ချိတ်ဆက်မှုမရှိခြင်းကြောင့် လက်တွေ့တွင် ဝင်ငွေရလမ်းမရှိခြင်းမှာလည်း ၎င်းတို့၏ ပညာအရည်အချင်းနှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ (ဥပမာ စာရင်းကိုင်၊ စီမံခန့်ခွဲမှု)မှာ ဒေသတွင်း၌ နည်းပါးနေခြင်းဖြစ်သည်။

### (ဂ) တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်နိုင်မှု အခြေအနေ




ဖြေဆိုသူများထဲမှ ငါးပိ၊ ငါးခြောက်ထုတ်လုပ်သူ (၄၈)ဦးရှိသည့်အနက် အမျိုးသမီးများသည် ဖမ်းဆီးရမိသော ငါးများကို တန်ဖိုးမြင့်ထုတ်လုပ်သူများအဖြစ် ပြုပြင်ထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်းအပိုင်းတွင် အဓိက တာဝန်ယူနေကြရသည်။ စစ်တမ်းကောက်ယူချက်များအရ အမျိုးသမီးအများစုသည် ဝင်ငွေတိုး ပွားစေရန်အတွက် "ငါးခြောက်လုပ်နည်း" ကဲ့သို့သော စနစ်တကျပြုပြင်ထုတ်လုပ်သည့် နည်းပညာများကို သင်ယူလိုစိတ် အလွန်မြင့်မားကြသည်ကို တွေ့ရှိရသည်။

## (ဃ) အိမ်မှုကိစ္စနှင့် လုပ်အားဝန်ထုပ်ဝန်ပိုး




အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်း၏ ကုန်ထုတ်လုပ်မှုအဆင့်ဆင့် (သန့်စင်ခြင်း၊ ခွဲခြားခြင်း) တွင် ကူညီ ပေးရုံသာမက တစ်နေ့တာ၏ အချိန်များစွာကို အခကြေးငွေမရသည့် အိမ်မှုကိစ္စ (ချက်ပြုတ်၊ ရေခပ်၊ ကလေးထိန်း)များတွင် အသုံးပြုနေရသည်။ အမျိုးသမီးများသည် ဝင်ငွေရသောလုပ်ငန်းများကို အချိန် ပြည့် မလုပ်ကိုင်နိုင်ဘဲ ဝင်ငွေရှာဖွေနိုင်စွမ်း လျော့နည်းနေရခြင်းဖြစ်သည်။

## ၅။ သုံးသပ်ချက်

## (က) ကျား/မကဏ္ဍနှင့် အသက်မွေးဝမ်းကျောင်းမှု

အမျိုးသားရေလုပ်သားတို့သည် မိသားစု၏ အဓိကဝင်ငွေရှာဖွေသူများဖြစ်ပြီး ငါးဖမ်းခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးတို့နှင့် ပေါင်းစပ်လုပ်ကိုင်နေကြသော်လည်း ဝင်ငွေအများစုမှာ တစ်ရက် ကျပ် (၁၀,၀၀၀) အောက်တွင်သာ ရှိနေသဖြင့် မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများစွာဖြစ်ပေါ်နေသည်။

ဖြေဆိုသူအမျိုးသမီးများအနက် (၅၁) ရာခိုင်နှုန်းမှာ ကိုယ်ပိုင်ဝင်ငွေမရှိသူများဖြစ်ကြပြီး အခကြေးငွေမရသော အိမ်မှုကိစ္စတွင်သာ အချိန်ကုန်ဆုံးနေရသည်။ ၎င်းသည် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို အားနည်း စေရုံသာမက မိသားစု၏ စုစုပေါင်းဝင်ငွေကိုလည်း လျော့နည်းစေသည်။

ဝင်ငွေရှာသောအမျိုးသမီးများသည်လည်း အိမ်မှုကိစ္စနှင့် ငါးဖမ်းလုပ်ငန်း(ငါးသန့်စင်ခြင်း၊ ခွဲခြားခြင်း) ကို တွဲဖက်လုပ်ကိုင်ကြရသဖြင့် နှစ်ထပ်ကွမ်းဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး အနားယူချိန်နည်းပါးကာ လုပ်အား အလွန်အကျွံ ဂရန်ဆုံးနေရသည်။







## (ခ) ဂရန်ထုတ်လုပ်မှုကွင်းဆက် သုံးသပ်ချက်

ဖြေဆိုသူ ရေလုပ်သား (၅၆) ရာခိုင်နှုန်းကျော်သည် ဖမ်းဆီးရမိသော ငါးများကို အစိမ်းလိုက်သာ ရောင်းချနေရပြီး ငါးဖမ်းဆီးခြင်းအဆင့်၌သာရှိနေခြင်းကြောင့် တန်ဖိုးမြင့်ထုတ်ကုန် ပြုပြင်ထုတ်လုပ်ခြင်းအဆင့်သို့ မတက်လှမ်းနိုင်သေးသည်ကို တွေ့ရှိရသည်။



ငါးသယံဇာတပေါများစွာရရှိချိန်တွင် ဈေးနိမ့်ခံရခြင်း (သို့မဟုတ်) ပိုလျှံသောငါးများ ပုပ်သိုးလေလွင့်ခြင်း တို့ကြောင့် ဝင်ငွေအခွင့်အလမ်းများက ဆုံးရှုံးပြီး ရသင့်ရထိုက်သော အကျိုးအမြတ်များ ဆုံးရှုံးနေရ သည်။

## (ဂ) စီးပွားရေးဆိုင်ရာ ခံနိုင်ရည်ရှိမှု

ဖြေဆိုသူအများစုမှာ တစ်ရက်ဝင်ငွေ ကျပ် (၁၀,၀၀၀) မှ (၃၀,၀၀၀) ကြားသာ ရရှိကြသဖြင့် "လက်လုပ် လက်စား"အဆင့်တွင်သာရှိနေပြီး အရေးပေါ်ကျန်းမာရေး (သို့မဟုတ်) သဘာဝဘေးအန္တရာယ်များ အတွက် စုဆောင်းငွေ မရှိသည်ကိုတွေ့ရှိရသည်။ အမျိုးသား (၇၃) ရာခိုင်နှုန်းမှာ တစ်ရက်လျှင် ကျပ် (၁၀,၀၀၀) မှ (၃၀,၀၀၀) ကြားသာ ရရှိပြီး အမျိုးသမီး (၅၁) ရာခိုင်နှုန်းမှာ ကိုယ်ပိုင်ဝင်ငွေ လုံးဝမရှိသည် ကို တွေ့ရသည်။




အမျိုးသမီးများသည် ရေလုပ်ငန်းအပြင် မွေးမြူရေးလုပ်ကိုင်သူ (၇) ဦးနှင့် အခြားအလုပ် လုပ်ကိုင်သူ (၁၁) ဦးရှိသည်ကို တွေ့ရသဖြင့် အချိန်ပိုင်းဝင်ရောက်လုပ်ကိုင်က မိသားစုဝင်ငွေကို အားဖြည့်ပေးနေကြ သည်။ သို့သော် အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စတွင်သာ အချိန်ပေးနေသဖြင့် စီးပွားရေးအရ ခံနိုင်ရည် အားကို အပြည့်အဝ မမြှင့်တင်နိုင်သေးသည်ကို တွေ့မြင်ရသည်။

ရေလုပ်သား (၆၀) ရာခိုင်နှုန်းသည် ဝါဆိုလ(ရှုလိုင်)တွင် ငါးဖမ်းလုပ်ငန်းကို အဓိကအားထားရသဖြင့် ကျန်ရှိသော ငါးမရသည့်လများမှာ စီးပွားရေးအရ အလွန်ထိခိုက်လွယ်သော အခြေအနေတွင် ရှိနေသည်။ ဖြေဆိုသူများအနက် အိမ်ထောင်စုပေါင်း (၄၉)စုမှ မိသားစုဝင်များသည် ပြည်တွင်း/ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်က မိသားစုအား ငွေပြန်လည်ထောက်ပံ့ပေးနေရသဖြင့် ဒေသတွင်းငါးဖမ်းလုပ်ငန်းမှာ မိသားစုစားဝတ်နေရေးကို ရေရှည်ခိုင်မာစွာ မထောက်ပံ့နိုင်တော့ကြောင်း ပြသနေသည်။




ထိုအချက်မှာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ၏ ခံနိုင်ရည်ရှိမှုတွင် အားနည်းမှုများရှိနေသည်ကို တွေ့ရှိရပါသည်။ သနပ္ပင်မြို့နယ်ရှိ အမျိုးသမီးများသည် ငါးဖမ်းလုပ်ငန်းကဏ္ဍ၏ ဂန်ထုတ်လုပ်မှုအပိုင်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသော်လည်း ပညာရေးအားနည်းမှု၊ ကိုယ်ပိုင်ဝင်ငွေမရှိမှုနှင့် အိမ်မှုကိစ္စဝန်ထုပ်ဝန်ပိုးတို့ကြောင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုမှာ ခိုင်မာမှုမရှိဘဲ ဖြစ်နေသည်။




## ၆။ ရှေ့ဆက်ဆောင်ရွက်ရန် အကြံပြုချက်များ

(က) ဝင်ငွေမြှင့်တင်ရေးအနေဖြင့် အမျိုးသမီးများကို ဦးတည်၍ စာရေးစာဖတ်သင်တန်းများနှင့်အတူ အိမ်တွင်းမှု တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်း (ဥပမာ- စနစ်တကျ ငါးခြောက်ပြုလုပ်နည်း)သင်တန်းများ၊ စက်ချုပ်သင်တန်းများ ပေးသင့်သည်။

(ခ) နည်းပညာနှင့် ငွေကြေးအရင်းအနှီးအတွက် လှေနှင့်ပိုက် မပြည့်စုံသည့်ရေလုပ်သားများကို အသေးစားချေးငွေ (သို့မဟုတ်) ခေတ်မီငါးဖမ်းကိရိယာများ ပံ့ပိုးခြင်းဖြင့် ဒေသတွင်းငါးဖမ်းလုပ်ငန်းကို မြှင့်တင် ပေးရန် လိုအပ်နေသည်။

(ဂ) ဒေသတွင်းရှိ ငါးဒိုင်များ (သို့မဟုတ်) ပွဲစားများကိုသာ အားမကိုးဘဲ ဈေးကွက်နှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သော အစုအဖွဲ့များဖွဲ့စည်းပေးခြင်းဖြင့် ဈေးနှုန်းတည်ငြိမ်မှုကို ဖော်ဆောင်ပေးသင့်သည်။

## ၇။ နိဂုံး

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ ရေလုပ်သားများ၏ ဘဝမှာ "ရိုးရာနည်းစနစ်နှင့် သဘာဝ" အပေါ် မှီခိုနေရပြီး အမျိုးသမီးများသည် "နည်းပညာနှင့် တန်ဖိုးမြင့်ထုတ်လုပ်မှု"ဆီသို့ ကူးပြောင်းနိုင်မှသာ အသက်မွေးဝမ်းကျောင်းမှု ပိုမိုခိုင်မာတည်မြဲလာမည်ဖြစ်သည်။

သနပ်ပင်မြို့နယ်ရှိ ကျေးရွာများတွင် အမျိုးသားရေလုပ်သားတို့သည် ငါးဖမ်းလုပ်ငန်းနှင့် လုပ်အားကို အသုံးပြုရသော အလုပ်များကို အဓိကလုပ်ကိုင်ကြပြီး အမျိုးသမီးများသည် ငါးနှင့် ဆက်စပ်သော အလုပ် များ၊ ဈေးရောင်းခြင်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြကြောင်း တွေ့ရှိရ သည်။

အချုပ်ဆိုရသော် ယခုအစီရင်ခံစာပါ အချက်အလက်များအရ အမျိုးသမီးများ၏ ဝင်ငွေသည် မိသားစု စီးပွားရေးအတွက် အရေးကြီးသော်လည်း ဝင်ငွေနည်းပါးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါး ခြင်းတို့ကြောင့် အသက်မွေးဝမ်းကျောင်းအခြေအနေ တိုးတက်ရေးအတွက် အထောက်အပံ့များ လိုအပ် နေကြောင်း သုံးသပ်နိုင်ပါသည်။

